## ပထမအကြိမ်ထုတ်ဝေစဉ်က
## မြန်မာပြန်သူ၏ အမှာ

(၁)

စာရေးဆရာ ဆရာဝန်တစ်ဦး ဖြစ်သော အေ ဂျေ ကရိုနင်၏ ဝတ္ထုများထဲတွင် 'အကောင်းဆုံး'ဟု စာပေပညာရှင်များကရော၊ စာဖတ်ပရိသတ်ကပါ အသိအမှတ်ပြုထားသည့် စာအုပ်နှစ်အုပ် ရှိသည်။ တစ်အုပ်မှာ ရဲတိုက်ဖြစ်၍ နောက်တစ်အုပ်မှာ ဤဝတ္ထု သစ္စာရှင် ဖြစ်သည်။

ရဲတိုက်မှာ ရိုးရိုး မှန်မှန် နေထိုင်လုပ်ကိုင်တတ်သော ဒေါက်တာ အင်ဒရူးမေဆန် အမည်ရှိ ဆရာဝန်တစ်ဦး၏ ဝမ်းသာကြည်နူးစရာနှင့် ဝမ်းနည်းကြေကွဲစရာဘဝကို ရေးသားထားသော ဝတ္ထုဖြစ်၏။ တစ်နည်းအားဖြင့် ဆေးပညာလောကတွင် 'လမ်းဟောင်း လျှောက်ချင်သူနှင့် လမ်းသစ် ဖောက်ချင်သူ'တို့၏ ပဋိပက္ခကို ဖော်ပြသော ဝတ္ထုဖြစ်၏။

'ကျွန်တော့်အနေနဲ့ ပရိယာယ် မသုံးချင်ပါဘူး၊ အလှည့်အပတ် အညာအဖြန်းတွေလည်း ပြောမနေချင်ပါဘူး၊ ဖြစ်နိုင်ရင် ရိုးရိုးသားသားနဲ့ ဖြောင့်ဖြောင့်မတ်မတ်ပဲ လုပ်ချင် ကိုင်ချင် ပြောချင် ဆိုချင်ပါတယ်'

'ကျွန်တော်တို့တစ်တွေဟာ သဘောထား မကြီးကြပါဘူး၊ အမြင်ကျဉ်းလွန်းတယ်၊ မထောက်မထား ပြောရမယ်ဆိုရင် မဟုတ်တဲ့ နေရာတွေမှာ သိပ်ပြီးသေးသိမ်လွန်းပါတယ်၊ ဒါကြောင့်မို့လည်း မလိုလားအပ်တာတွေ၊ မဖြစ်သင့်မဖြစ်ထိုက်တာတွေ ဖြစ်လာနေရတာပါ။ သဘောထားသေးလွန်း အမြင်ကျဉ်းလွန်းတော့ အသစ်အသစ် ပြောင်းလဲမှုတွေ ဖြစ်ထွန်းမှုတွေ၊ တိုးတက်မှုတွေဟာ လုံးဝ ပေါ်မလာတော့ပါဘူး'

'ကျွန်တော်တို့ ဆေးပညာလောက အသိုက်အဝန်းရဲ့ အပြင်မှာ ဖြစ်ပေါ်တိုးတက်လာသမျှကို မှားတယ်၊ ကျွန်တော်တို့ လောကထဲမှာ ဖြစ်ပေါ်လာတဲ့ တိုးတက် ဖြစ်ထွန်းမှုတွေမှသာ မှန်တယ်ဆိုတဲ့ အယူအဆကြီးကို တရားသေ



ဆုပ်ကိုင်ထားကြတုန်းပဲ ရှိပါသေးတယ်၊ ဒီအယူအဆဟာ ကိုယ့်လည်ပင်း ကိုယ်ကြိုးကွင်းစွပ်သလို ဖြစ်လာတော့မယ်လို့ ထင်ပါတယ်။ ဒီအယူအဆဟာ ဆေးပညာ လောကကို သိပ္ပံနည်းကျကျ တိုးတက်အောင် ဆောင်ရွက်ရေးဆိုတဲ့မူတစ်ခုလုံးရဲ့ သေမင်းပါပဲ'

'ဝမ်းနည်းစရာ အကောင်းဆုံးကတော့ ကျွန်တော်တို့လောကမှာ ရှေ့ဆောင်လမ်းပြလုပ်ချင်တဲ့ လူတွေ၊ တီထွင်ကြံဆချင်တဲ့ လူတွေ၊ မှန်မှန်ကန်ကန်လုပ်ချင်တဲ့ လူတွေ၊ တော်တဲ့လူတွေ၊ တိုးတက်အောင် လုပ်ချင်တဲ့ လူတွေကို လုံးဝနေရာ မပေးချင်ကြဘူး၊ အထက်ကရော အောက်ကပါ မနာလို ဝန်တိုတဲ့စိတ်တွေ၊ သေးသိမ်တဲ့ စိတ်တွေ မွေးပြီး ဝိုင်းတွန်းကြ၊ တိုက်ကြ၊ ချိုးကြ၊ နှိမ်ကြတယ်၊ ဒါ့ကြောင့်မို့လည်း တိုးတက်ထွန်းကားမှု မှန်သမျှ ဆိတ်သုဉ်းခဲ့ရတာပါ'

အထက်ပါ စကားများသည် ရဲတိုက် ဝတ္ထုထဲမှ ဒေါက်တာ အင်ဒရူးမေဆန်၏ စကားများ ဖြစ်ပါသည်။ ဆေးကောင်စီ ရှေ့မှောက်၌ အစစ်ခံရခြင်းပြောခဲ့သော စကားများဖြစ်၏။

ရဲတိုက် ဝတ္ထုကြီးကို နှစ်သက်ခဲ့ကြသော စာဖတ်ပရိသတ်သည် ဤစကားများကို မေ့လိမ့်မည် မထင်။ ဒေါက်တာ အင်ဒရူးမေဆန် ရင်ဆိုင်ခဲ့ရသည့်ရုန်းကန်လှုပ်ရှားမှုများကိုလည်း မေ့လိမ့်မည်မဟုတ်။

(၂)

သစ္စာရှင်သည် ရဲတိုက်ကဲ့သို့ ဆရာဝန်တစ်ယောက်၏ ဘဝကို ရေးထားသည့် ဝတ္ထုမဟုတ်။ သာသနာပြု ဘုန်းကြီးတစ်ပါး၏ဘဝကို ရေးထားသောဝတ္ထု ဖြစ်သည်။ သစ္စာရှင် ဝတ္ထုထဲမှ ဖာသာ ချစ္စဟိုးလ်သည် ရဲတိုက်ဝတ္ထုထဲမှဒေါက်တာအင်ဒရူးမေဆန်ကဲ့သို့ပင် ရိုးရိုးမှန်မှန် နေထိုင်လုပ်ကိုင်တတ်သူ ဖြစ်သည်။ ဘုရားသခင်၏ အဆုံးအမ၌ တည်သူသည် ဘုရားသခင်၏ ဩဝါဒများအတိုင်း သစ္စာရှိရှိ လိုက်နာရမည်၊ ကျင့်ကြံရမည်၊ နေထိုင်ရမည်ဟု ယူဆသူ ဖြစ်သည်။ ဘုရားသခင်၏ တရားတော်ကို လူအများက သက်ဝင်ယုံကြည်လာအောင် အားထုတ်ကြရမည့် ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်များက ချမ်းသာကြွယ်ဝပြီးစည်းစိမ်ခံနေကြသည်ကို သူ ဘဝင်မကျ။ ဩဇာအာဏာ မက်မောနေကြသည်ကို သူ မနှစ်သက်။

ဘာသာ အယူဝါဒနှင့် ပတ်သက်၍ သဘာဝမကျလွန်းသည့် အမြင်များ



ကိုလည်း သူ လက်မခံနိုင်။ ဘာသာရေးနှင့် ပတ်သက်၍ အမြင်ကျဉ်းသည်ကိုလည်း သူ မကြိုက်။ မည်သည့် ဘာသာမဆို မှန်မြတ်သည်ဟူသော အတွေးအမြင်ရှိသူဖြစ်၏။ သာသနာပြုလုပ်ငန်းနှင့် ပတ်သက်၍လည်း အရေအတွက်ကို ဦးစားမပေး၊ အရည်အသွေးကိုသာ ဦးစားပေးသူ ဖြစ်သည်။ ထို့ကြောင့်လည်း သူသည် သူ့ပတ်ဝန်းကျင်ရှိ ခရစ်ယာန်သာသနာပြုများ၊ ဘုန်းကြီးများ၊ ဂိုဏ်းအုပ်ဂိုဏ်းချုပ်များနှင့် အဆင်မပြေ။ အမှန်တော့ သစ္စာရှင်သည် ခရစ်ယာန်ဘာသာအယူဝါဒနှင့် ပတ်သက်၍လည်းကောင်း၊ ခရစ်ယာန်သာသနာပြုလုပ်ငန်းနှင့် ပတ်သက်၍လည်းကောင်း 'လမ်းဟောင်း လျှောက်ချင်သူနှင့် လမ်းသစ်ဖောက်ချင်သူ'တို့၏ပဋိပက္ခကို ဖော်ပြသောဝတ္ထုပင် ဖြစ်ပေသည်။

(၃)

ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ရင်နှင့်စဖွယ်အဖြစ်နှင့်ကြုံခဲ့ရရှာသော ချစ္စဟိုးလ်၏ဘဝသည် လူလားမြောက်၍ အရွယ်ရောက်လာသည့် အချိန်မှစ၍ အိုမင်းမစွမ်း အရွယ်အထိ ကြေကွဲဝမ်းနည်းစရာများဖြင့်သာ ပြည့်လျှမ်းနေခဲ့သည်။ ဤအဖြစ်ကို ကလောင်စွမ်းထက်လှသော အေ၊ ဂျေ ကရိုနင် က တသသ ဖြစ်နေအောင် ခြယ်မှုန်းပြနိုင်ခဲ့သည်ဖြစ်ရာ သစ္စာရှင်သည်လည်း ရဲတိုက်ကဲ့သို့ပင် မြန်မာစာဖတ်ပရိသတ်၏ စိတ်နှလုံးကို ဆွဲဆောင်နိုင်စွမ်းရှိလိမ့်မည်ဟု မျှော်လင့်ပါသည်။

**မောင်ထွန်းသူ**

၁၉၉၂၊ ဖေဖော်ဝါရီလ၊ ၂၇ ရက်။

မှတ်ချက်။ ။ ဒုတိယအကြိမ်ထုတ်ဝေသော ၂၀၀၄ ခုနှစ် ဇူလိုင်လထုတ်စာအုပ်တွင် ၁-၁၂-၀၂ ရက်စွဲဖြင့် ဆရာ၏ အမှာစာ ထပ်မံရေးသားခဲ့ပါသည်။ သို့သော်လည်း သဘောသွားချင်းတူညီသဖြင့် ထပ်မံမဖော်ပြတော့ပါ။